# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

**NEWSLETTER VOLUME NO. 3**

**DATED: 1st April 2024**


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြား၊ |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊ |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြား၊ |
| ၄။ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခုနစ်ခု ခွင့်ပြု၊ |
| ၅။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ၊ |
| ၆။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ၊ |
| ၇။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊ |
| ၈။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊ |

| | |
|---|---|
| ၉။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်အား လက်ခံတွေ့ဆုံ၊ |
| ၁၀။ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၃) ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်၊ |
| ၁၁။ | ဂျပန်နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြီးအတွက် မြန်မာအစိုးရမှ ဂျပန် ကြက်ခြေနီအသင်းသို့ အမေရိကန်ဒေါ်လာ (၁) သိန်း လှူဒါန်း၊ |
| ၁၂။ | (၃၂၀) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို) အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ပါဝင်တက်ရောက်၊ |
| ၁၃။ | စိုက်ပျိုးရေးထုတ်ကုန်များအပေါ် ဂျပန်နိုင်ငံ၏ ပိုးသတ်ဆေးဓာတ်ကြွင်း အမြင့်ဆုံး ကန့်သတ်ချက်များဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ သံအမတ်ကြီး တက်ရောက်အမှာစကား ပြောကြား၊ |
| ၁၄။ | သံအမတ်ကြီး ဦးစိုးဟန်မှ ဂျပန်နိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအသစ်အား လက်ခံတွေ့ဆုံ၊ |
| ၁၅။ | အာဆီယံ-ဂျပန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူငယ်ဦးဆောင်သူများ၏ ပထမအကြိမ် ဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်၊ |
| ၁၆။ | အာဆီယံ-ဂျပန်စင်တာ၏ (၄၃) ကြိမ်မြောက် ကောင်စီဒါရိုက်တာများ၏ ဒုတိယအကြိမ် အစည်းအဝေးသို့ မြန်မာကောင်စီ ဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်၊ |
| ၁၇။ | (၂၂) ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး တက်ရောက်၊ |
| ၁၈။ | The Asia-Pacific Festival & Charity Bazaar 2024 ဈေးရောင်းပွဲတော်တွင် မြန်မာသံရုံး၊ တိုကျိုမြို့မှ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ပြသရောင်းချခဲ့ခြင်း |
| ၁၉။ | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ မြန်မာ့လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ခဲ့ရာ ယခုနှစ် မတ် ၁ ရက်တွင် ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ကမ်းတံတားများတွင် အပြည်ပြည် ဆိုင်ရာ သင်္ဘောကြီးများဆိုက်ကပ်၍ ကုန်တင်ကုန်ချဆောင်ရွက်လျက်ရှိ၊ |
| ၂၀။ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၄.၀၆ ဘီလီယံ ရှိခဲ့၊ |

| | |
|---|---|
| ၂၁။ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း မြန်မာ့ပျားရည် တန်ချိန် ၁၇၀၀ ကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့၊ |
| ၂၂။ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း စက်မှုကဏ္ဍမှ ပြည်ပသို့ တင်ပို့မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၈.၁၂ ဘီလီယံ ရှိခဲ့၊ |
| ၂၃။ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၂၇ ဘီလီယံကျော် ရှိခဲ့ ၊ |
| ၂၄။ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ရှိခဲ့ ၊ |
| ၂၅။ | ကျိုက်မရောဒေသထွက် ရော်ဘာပြားများ အရည်အသွေးကောင်းမွန်၍ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့လျက်ရှိ၊ |
| ၂၆။ | မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းများ ပို့ကုန်များ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေး ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိ၊ |
| ၂၇။ | တန်ခူးလနှင့် သင်္ကြန်ပွဲတော် |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားများအနေဖြင့် နိုင်ငံ့အတွက် အထောက်အကူရအောင် အလေးအနက်ထား၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးအပိုင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက် နယ်နိမိတ်နှင့် ခိုင်မာသည့် သမိုင်းကြောင်းရှိသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်အလိုက် တိုးတက်မှုများ ရှိခဲ့သော်လည်း ခေတ်ပြိုင်နိုင်ငံများဖြစ်သည့် အခြားနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံ အချို့တို့၏နောက်တွင် တဖြည်းဖြည်းကျန်ခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အတွက်အချက်ပညာရပ်နှင့် စက်မှုပညာရပ်တို့ တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှု မရှိခဲ့ဘဲ နောက်တွင် ကျန်နေခဲ့ကြောင်း၊ ယင်းအချက်အလက်များကို အခြေခံ၍ သင်ခန်းစာဖော်ထုတ်ကာနိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ဦးစွာ ပြောကြားသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီ ဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်း မရှိခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်း ချက် ၂ ရပ် ၊ အမျိုးသားရေးရည်မှန်းချက် ၂ ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် လွတ်လပ်၍ တရားမျှတ

သည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်အတွက် အဓိကကျသည့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အား ကောင်းမွန်စေရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ

သံအမတ်ကြီး H.E. Mr. J.M. J.P. Bandara အား ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွ အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြား

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက် မွန်းလွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် က မိမိတို့နိုင်ငံတွင် ဝါများစိုက်ပျိုးထွက်ရှိသော်လည်း၊ ဝါဂွမ်းကို စနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း၊ လက်ရှိ ဝါစိုက်ဧက ၅ သိန်း၌ ၁ ဧကလျှင် ပိသာချိန် ၇၀၀ ခန့် ထွက်ရှိမည် ဆိုပါက လူဦးရေ သန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိထွက်ရှိနေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ချည်ထည်များ တင်သွင်းနေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဝါဗိုင်းငင်သည့် စက်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မီစွာဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်၊ ဝါစိုက်ပျိုးမှုမှ ထွက်ရှိသည့် ဝါများကို ဗိုင်းငင်ခြင်းအားဖြင့် ဝါဂွမ်း၊ လင်တာ ဂွမ်း(အမျှင်တို) နှင့် ဝါစေ့များ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ဝါဂွမ်းများမှတစ်ဆင့် ချည်ထည်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ရက်ကန်းစက်များ

လည်ပတ်နိုင်ခြင်း၊ ရရှိလာသည့် အထည်အလိပ်များကို အထည်ချုပ် လုပ်ငန်းများ လုပ်ကိုင်ခြင်း စသည့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ချည်မျှင်နှင့် အထည်အလိပ်နှင့် ပတ်သက်၍ ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်ခြင်းကြောင့် နိုင်ငံအတွက် များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခုနစ်ခု ခွင့်ပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်ပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးတွင် လက်ရှိရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြုခဲ့ပြီး လက်ရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းကို ခွင့်ပြုခဲ့သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ခုနစ်ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၂၂ သန်းနှင့် မြန်မာငွေကျပ် ၉၉,၆၈၃ ဒသမ ၁၂၂ သန်းဖြစ်ပြီး၊ ပြည်တွင်းအလုပ်အကိုင် ပေါင်း ၁,၃၆၉ ကို ဖန်တီးပေးမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုထားသည့် နိုင်ငံပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။

စီးပွားရေးကဏ္ဍ ၁၂ ခုအနက် စွမ်းအင်ကဏ္ဍသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများ၊ စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံဥပဒေနှင့်အညီ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ

ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးအတွက် Country task force on Monitoring and Reporting -CTFMR နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ၀၉၄၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလား ဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်၊ (၁၁၃၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းဆက်သွယ်မှု အပါအဝင် အပြန်အလှန်

အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျေ အမ် ဂျန်နကာ ပရီယန်သာ ဘန်ဒါရာ အား ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်၊ (၁၃၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများ အပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေးအရာရှိချုပ်အား လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် စီမံခန့်ခွဲရေး

အရာရှိချုပ်ဖြစ်သူ Mr. Carl Johan Orrenius Skau အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်၊ ၁၃:၀၀ နာရီတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် (WFP) အကြား လက်ရှိပူးပေါင်း ဆောင်ရွက်မှု ကိစ္စရပ်များနှင့် အနာဂတ်တွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ ကြပါသည်။

အစည်းအဝေးသို့ Mr. Carl Johan Orrenius Skau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။



## အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏(၁၃)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်

အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၃) ကြိမ်မြောက် အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ (၁၃) ကြိမ်မြောက်အစည်းအဝေးမတိုင်မီ အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် Mr. Chatoulong Bouasisavath နှင့် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးက အစည်းအဝေး လက်ခံကျင်းပခြင်းအတွက် ပူးတွဲဥက္ကဋ္ဌများအား ကျေးဇူးတင်ရှိကြောင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးတွင် တိုးတက်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အဆင့်မြင့်ကိုယ်စားလှယ်များအား ချီးကျူးကြောင်း ပြောကြားခဲ့ပြီး အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရာတွင် ဖွဲ့စည်းမှုပုံစံ၊ ဆောင်ရွက်မည့်နည်းလမ်းနှင့် အာဆီယံအဖွဲ့အစည်းပိုမိုခိုင်မာအားကောင်းရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန် သင့်လျော်သည့် မဏ္ဍိုင်သတ်မှတ်ရေးတို့အပေါ် ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မဏ္ဍိုင် (၃) ရပ်လုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ **(**HLTF-EI)နှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် (Committee for the ASEAN Socio-Cultural Community)တို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ယင်းလုပ်ငန်းစဉ်များကို သင့်လျော်သည့် ကဏ္ဍာတွင် ထည့်သွင်းရေး အကြံပြုဆွေးနွေးခဲ့ပြီး အနာဂတ်တွင် ပိုမိုတိုးတက်ကောင်းမွန်သည့် အာဆီယံဖြစ်ပေါ်လာရေးအတွက် လူငယ်၊ အမျိုးသမီးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်း

နှင့် ပညာရှင်များနှင့် တွေ့ဆုံမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးပေး ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေး ဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးမှ တင်ပြသည့် အကြံပြုချက်များ အပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အနေဖြင့် (၁၄) ကြိမ် မြောက် အစည်းအဝေးမတိုင်မီ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာ ဗျူဟာစီမံချက်မူကြမ်း ပထမအကြိမ်ရေးဆွဲမှုကို အွန်လိုင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။



အစည်းအဝေးကာလအတွင်း ၂၈-၂-၂၀၂၄ ရက်နေ့တွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ ဆိုင်ရာ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် Mr. Alounkeo Kittikhoun နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Phoxay Khaykhamphithoune တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး အာဆီယံတွင် မြန်မာနိုင်ငံ၏ ပူးပေါင်း ဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံအကြား အပြန်အလှန် စိတ်ဝင်စားမှုရှိသည့် ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရ ပါသည်။




## ဂျပန်နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြီးအတွက် မြန်မာအစိုးရမှ ဂျပန်ကြက်ခြေနီအသင်းသို့ အမေရိကန်ဒေါ်လာ ၁ သိန်း လှူဒါန်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က ဂျပန်နိုင်ငံ၊ အီရှီကာဝါပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇.၆ အဆင့်ရှိ မြေငလျင်ဒဏ် ခံစားခဲ့ရသည့် ပြည်သူများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ဂျပန်ကြက်ခြေနီအသင်းသို့ အမေရိကန် ဒေါ်လာ ၁ သိန်း လှူဒါန်းခဲ့ပါသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့၊ နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ ဂျပန်ကြက်ခြေနီအသင်းရုံးချုပ်၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအစိုးရ၏ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁ သိန်းနှင့်ညီမျှသော ဂျပန်ယန်းငွေ ၁၄,၉၄၂,၀၀၀/- အား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်မှ ဂျပန်ကြက်ခြေနီအသင်းဥက္ကဋ္ဌ Mr. Atsushi Seike ထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် သံအမတ်ကြီး ဦးစိုးဟန်မှ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးမှု သမိုင်းကြောင်း ရှည်ကြာသော မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး သဘာဝဘေးအန္တရာယ်ကဲ့သို့သော အခက်အခဲကျရောက်သည့် အချိန်များတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား အပြန်အလှန်ကူညီခဲ့ကြသည့် သမိုင်းကြောင်း ရှိခဲ့ပါကြောင်း၊ ယခု ဂျပန်နိုင်ငံ အီရှီကာဝါ ပြည်နယ်တွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်သည် ထိခိုက်ပျက်စီးမှု များပြားသလို အသက်ဆုံးရှုံးမှုများလည်း ရှိခဲ့ပါကြောင်း၊ အဆိုပါမြေငလျင် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများအတွက် ဂျပန်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် မြန်မာနိုင်ငံ၏ ပါဝင်လှူဒါန်းမှုသည် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။



ဂျပန်ကြက်ခြေနီအသင်းဥက္ကဋ္ဌ Mr. Atsushi Seike မှလည်း အီရှီကာဝါပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်အတွက် မြန်မာအစိုးရမှ ဒေါ်လာ ၁ သိန်းလှူဒါန်းသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ တစ်နိုင်ငံက အကူအညီလိုအပ်နေချိန်တွင် အပြန်အလှန်အကူအညီပေးအပ်ခြင်းသည် မြန်မာပြည်သူလူထုနှင့် ဂျပန်ပြည်သူလူထုတို့ အကြားခိုင်မာသည့် ရင်းနှီး ချစ်ကြည်မှုကို ပြသနေခြင်းဖြစ်ပါကြောင်း၊ မြန်မာအစိုးရ၏ ယခု လှူဒါန်းငွေသည် ငလျင်ဘေးဒဏ် ခံစားခဲ့ရသည့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ပြောကြားခဲ့ပါသည်။

ထို့နောက် လှူဒါန်းမှုလက်ခံရရှိကြောင်းနှင့် ကျေးဇူးတင်ရှိကြောင်းစာကို ဂျပန်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ Mr. Atsushi Seike မှ ပေးအပ်ရာ သံအမတ်ကြီး ဦးစိုးဟန်မှ လက်ခံရယူခဲ့ကြောင်း သိရှိရပါသည်။



## (၃၂၀) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ပါဝင်တက်ရောက်

တိုကျိုမြို့အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံကော်မတီ (တိုကျို) ၏ (၃၂၀) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် အင်ဒိုနီးရှားသံရုံး၌ အာဆီယံကော်မတီ(တိုကျို) ဥက္ကဋ္ဌဖြစ်သော အင်ဒိုနီးရှားသံအမတ်ကြီး H.E Mr. Heri AKHMADI ကကြီးမှူး၍ ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ

မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။





အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ လျေင်ကဲ့သို့ အရေးပေါ်အခြေအနေများနှင့်ကြုံတွေ့လာ ရပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ရန်


အာဆီယံ သံရုံးများအကြား အချက်အလက်ဖလှယ်ခြင်းနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံကော်မတီ(တိုကျို)မှ ဦးဆောင် ကျင်းပမည့် လှုပ်ရှားမှုများဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

## စိုက်ပျိုးရေးထုတ်ကုန်များအပေါ် ဂျပန်နိုင်ငံ၏ ပိုးသတ်ဆေးဓာတ်ကြွင်းအမြင့်ဆုံး ကန့်သတ်ချက်များဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာသံအမတ်ကြီး တက်ရောက်အမှာစကား ပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ တိုကျိုမြို့နှင့် အာဆီယံ-ဂျပန်စင်တာတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပခဲ့သည့် စိုက်ပျိုးရေးထုတ်ကုန်များအပေါ် ဂျပန်နိုင်ငံ၏ ပိုးသတ်ဆေးဓာတ်ကြွင်းအမြင့်ဆုံး ကန့်သတ်ချက်များဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ၊ စုစုပေါင်း (၉၀)ဦးကျော် တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ သံအမတ်ကြီး ဦးစိုးဟန်နှင့် အာဆီယံ-ဂျပန်စင်တာမှ စီမံကိန်းတာဝန်ခံ Dr. Nguyen Tuan Anh တို့က နှုတ်ခွန်းဆက်စကား အသီးသီး ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ ပဲအသင်းမှ ဒါရိုက်တာ Mr. Yamamoto Shinya က ဂျပန်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့ရာတွင် လိုအပ်သည့် စံချိန်စံညွှန်း သတ်မှတ်ချက်များ၊ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



ဆွေးနွေးပွဲတွင် သံအမတ်ကြီး ဦးစိုးဟန်က အွန်လိုင်းမှ တစ်ဆင့် ပါဝင်တက်ရောက်စဉ်





အဆိုပါ ဆွေးနွေးပွဲသည် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့ရာတွင် ဂျပန်နိုင်ငံမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ၊ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်း

များကို သိရှိနားလည်ခြင်းဖြင့် မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံသို့ ပိုမိုတိုးမြှင့် တင်ပို့နိုင်ရေးအတွက် များစွာအထောက်အပံ့ ဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

## သံအမတ်ကြီး ဦးစိုးဟန်မှ ဂျပန်နိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအသစ်အား လက်ခံတွေ့ဆုံ

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ဂျပန်နိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး အသစ်ဖြစ်သူ H.E. Mr. Witchu Vejjajiva အား ၂၀၂၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၊ ၁၄၃၀ နာရီတွင် မြန်မာသံရုံး၊ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံခဲ့ပါသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံသံရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အာဆီယံ၏မူဘောင်အတွင်း အာဆီယံသံရုံးများအကြား ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ-ဂျပန်ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရေးအတွက် အာဆီယံကော်မတီ တိုကျို (ASEAN Committee in Tokyo) မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။



## အာဆီယံ-ဂျပန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူငယ်ဦးဆောင်သူများ၏ ပထမအကြိမ် ဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

အာဆီယံ-ဂျပန် 1st ASEAN-Japan Young Environmental Leaders Symposium ကို Inspiring Change, Creating Impact ခေါင်းစဉ်ဖြင့် ၁၅-၃-၂၀၂၄ ရက်နေ့တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ Bellesalle Onarimon Ekimae ခန်းမ၌ ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Socio-Cultural Community Pillar ၏ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ H.E. Ekkaphab Phanthavong က အွန်လိုင်းမှ ပါဝင်မိန့်ခွန်းပြောကြားခဲ့ပြီး၊ ဂျပန်နိုင်ငံ၊ Ministry of Environment ၊ Marine Environment Division ၏ ဒါရိုက်တာဖြစ်သူ Mr. Michihiro OOI မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်၊ အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံ-ဂျပန် စင်တာမှ တာဝန်ရှိသူများ၊ စီမံကိန်းအတွက် ရွေးချယ်ခံခဲ့ရသည့် ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံမှ လူငယ်များအနေဖြင့် ၎င်းတို့နေထိုင်ရာ ရပ်ရွာဒေသအတွင်းနှင့်ပင်လယ်ပြင်ရှိ ပလပ်စတစ်စွန့်ပစ်အမှိုက်များ ကင်းစင်စေရေးအတွက် ဆောင်ရွက်ရန် အာဆီယံ-ဂျပန်စင်တာမှ Seed Fund နှင့် Training ရရှိနိုင်ရေးအတွက် လျှောက်ထားခဲ့သည့် အသက် ၁၅ နှစ်မှ ၁၈ နှစ်ကြားရှိ လူငယ် ၁၀၀ ဦးအနက် ၃၇ ဦး၏ စီမံကိန်း ၁၁ ခုကို အာဆီယံ-ဂျပန်စင်တာအနေဖြင့် အပြီးသတ်ရွေးချယ်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းများအနက် မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၄)ဦး ဖြစ်သည့် မောင်မင်းသန့်၊ မနှင်းဝင့်ထယ်၊ မကြည်စင်သန့်၊ မဖူးပွင့်အောင်တို့၏ Stay Aquatic စီမံကိန်းသည်လည်း ရွေးချယ်ခံခဲ့ရပါသည်။

အာဆီယံ-ဂျပန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူငယ်ဦးဆောင်သူများ၏ ပထမအကြိမ် ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ရွေးချယ်ခံခဲ့ရသည့် ကျောင်းသား ကျောင်းသူ ၃၇ ဦး၏ Project ၁၁ ခုကို ရှင်းလင်းပြသခဲ့ပါသည်။




ယခု စီမံကိန်းသည် အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သကဲ့သို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ရေးဆွဲချမှတ်ခဲ့သည့် Joint Vision Statement on ASEAN-Japan Friendship and Cooperation အရ အာဆီယံနှင့် ဂျပန်နိုင်ငံအကြား ပူးတွဲအကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းတစ်ခုလည်း ဖြစ်ကြောင်း သိရှိရပါသည်။



# အာဆီယံ-ဂျပန်စင်တာ၏ (၄၃) ကြိမ်မြောက် ကောင်စီဒါရိုက်တာများ၏ ဒုတိယအကြိမ် အစည်းအဝေး သို့ မြန်မာကောင်စီ ဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်

အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Centre) ၏ (၄၃) ကြိမ်မြောက် ကောင်စီဒါရိုက်တာများ၏ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၊ ၁၁:၀၀ နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ Bellesalle Onarimon Ekimae ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ မြန်မာကောင်စီဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ ကောင်စီဒါရိုက်တာ အစည်းအဝေးအား ဗီယက်နမ် ကောင်စီဒါရိုက်တာကိုယ်စား၊ ဗီယက်နမ်ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Hoang Minh Chien က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ကောင်စီဒါရိုက်တာများ၊ အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Dr. Kunihiko Hirabayashi နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြေယာ၊ အခြေခံအဆောက်အဦ၊ ပို့ဆောင်ရေး နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စုစုပေါင်း ကိုယ်စားလှယ် (၆၀) ဦးကျော် တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အာဆီယံ-ဂျပန်စင်တာမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့်ဘဏ္ဍာငွေလျာထား ဆောင်ရွက်သွားမည့် အခြေအနေများ၊ အာဆီယံ-ဂျပန်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုအစီအစဉ်များ၊ အာဆီယံ-ဂျပန်စင်တာ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ-ဂျပန်စင်တာ ပြုပြင်ပြောင်းလဲရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။




မြန်မာကောင်စီဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန်မှ ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများ၊ အာဆီယံ-ဂျပန်စင်တာ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

အာဆီယံ-ဂျပန်စင်တာ၏ (၄၃) ကြိမ်မြောက် ကောင်စီဒါရိုက်တာများ၏ ဒုတိယအကြိမ် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

# (၂၂) ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး တက်ရောက်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးသည် ၅-၃-၂၀၂၄ ရက်၊ (၁၉၀၀) နာရီတွင် ကျင်းပပြုလုပ်သည့် (၂၂) ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင် အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ဗွီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။




အစည်းအဝေး၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့မှ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အရှေ့အာရှနှင့် လက်တင်အမေရိကနိုင်ငံများ အကြား ရာသီဥတုပြောင်းလဲခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာရေး၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးနှင့် ယဉ်ကျေးမှု ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ အလှည့်ကျဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများ ခန့်အပ်ရေးကိစ္စရပ်များအပြင် (၂၃) ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပရေးကိစ္စရပ်များကိုပါ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရှိရပါသည်။

## The Asia-Pacific Festival & Charity Bazaar 2024 ဈေးရောင်းပွဲတော်တွင် မြန်မာသံရုံး၊ တိုကျိုမြို့မှ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ပြသရောင်းချခဲ့ခြင်း

ဂျပန်နိုင်ငံရှိ The Asia- Pacific Ladies friendship Society (ALFS) အား ဂျပန်နိုင်ငံ၊ တိုကျိုမြို့ အခြေစိုက် အာရှ-ပစိဖိတ်ဒေသ နိုင်ငံများရှိ သံရုံးပေါင်း (၂၆) ရုံးမှ သံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ ဇနီးများ၊ ဂျပန်အမျိုးသမီး အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပြီး ဒေသတွင်း တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ The Asia- Pacific Ladies friendship Society (ALFS) မှ ကြီးမှူးကျင်းပသည့် The Asia-Pacific Festival & Charity Bazaar 2024 ဈေးရောင်းပွဲတော်အား ၂၆-၃-၂၀၂၄ ရက် ( အင်္ဂါနေ့ ) တွင် တိုကျိုမြို့ရှိ Meiji Kinenkan ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာသံရုံး၊ တိုကျိုမြို့မှ မြန်မာ့ရိုးရာ လက်မှုပစ္စည်းများအား ပါဝင်ခင်းကျင်း ပြသရောင်းချခဲ့ပါသည်။

အဆိုပါ The Asia-Pacific Festival & Charity Bazaar 2024 သို့ H.I.H Princess Hanako Hitachi ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီး Mrs. Yuko KISHIDA ၊ The Asia- Pacific Ladies friendship Society ၏ ဥက္ကဋ္ဌ Mrs. Haruko Komura နှင့် အဖွဲ့ဝင်များ၊ တိုကျိုမြို့ အခြေစိုက် အာရှပစိဖိတ်ဒေသရှိ နိုင်ငံများ၏ သံရုံးများမှ သံအမတ်ကြီးများ၊ ဇနီးများ၊ ဂျပန်နိုင်ငံသားများ လာရောက်ကြည့်ရှု အားပေးခဲ့ပါသည်။

ပထမဦးစွာ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီး Mrs. Yuko KISHIDA ၊ The Asia- Pacific Ladies friendship Society ၏ ဥက္ကဋ္ဌ Mrs. Haruko Komura နှင့် တိုကျိုမြို့ အခြေစိုက် အာရှပစိဖိတ်ဒေသရှိ နိုင်ငံများ၏ သံရုံးများမှ သံအမတ်ကြီးများ၊ ဇနီးများ၊ သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံအလိုက် အမျိုးသားဝတ်စုံ ဆင်ယင်ထားသည့် ကိုယ်စားလှယ်များနှင့် အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပါသည်။

ထို့နောက် The Asia-Pacific Festival & Charity Bazaar 2024 သို့ H.I.H Princess Hanako Hitachi တက်ရောက်လာပြီး သံရုံးတစ်ရုံးချင်းစီအလိုက် သံအမတ်ကြီးများ၊ ဇနီးများ၊ သံရုံးယာယီတာဝန်ခံများအား တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။ ထို့နောက် သံရုံးများနှင့် ဂျပန်ကုမ္ပဏီအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုခဲ့ပါသည်။




အဆိုပါဈေးရောင်းပွဲတော်သို့ ဂျပန်နိုင်ငံရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအပြင် အာရှ ပစိဖိတ်ဒေသနိုင်ငံများရှိ သံရုံး (၁၉)ရုံးမှ ဆိုင်ခန်းများ ဖွင့်လှစ်၍ မိမိနိုင်ငံအလိုက် ရိုးရာ အစားအစာများ၊ ယဉ်ကျေးမှုဆိုင်ရာ အထိမ်းအမှတ် အသုံးအဆောင်ပစ္စည်းများအား ခင်းကျင်း ပြသရောင်းချခဲ့ကြပါသည်။ ထို့နောက် ဈေးရောင်းပွဲအပြီးတွင် သံရုံးများ၊ ဂျပန်ကုမ္ပဏီများမှ လှူဒါန်းသည့် ပစ္စည်းများအား ကံစမ်းမဲ ဖောက်ပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။

The Asia-Pacific Festival & Charity Bazaar 2024 တွင် မြန်မာသံရုံးမှ ဆိုင်ခန်း ဖွင့်လှစ်၍ မြန်မာ့ယဉ်ကျေးမှု ရိုးရာယွန်းထည်ပစ္စည်းများ၊ မြန်မာ့တွင်းထွက် ကျောက်စိမ်း လက်ဝတ်ရတနာများ၊ မြန်မာ့ငွေထည်ပစ္စည်းများ၊ မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုး အသုံး အဆောင်များ၊ မြန်မာ့သစ်ဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့အစား အသောက်များ၊ မြန်မာ့ကော်ဖီထုတ်ကုန်များ၊ မြန်မာ့သစ်အား ဂျပန်နည်းပညာကို အသုံးပြု၍ ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများလည်း ခင်းကျင်းပြသ ရောင်းချခဲ့ပါသည်။

## ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ မြန်မာ့လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ခဲ့ရာ ယခုနှစ် မတ် ၁ ရက်တွင် ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ကမ်းတံတားများတွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများဆိုက်ကပ်၍ ကုန်တင်ကုန်ချ ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ရာ နိုင်ငံ၏အဓိက ပြည်ပပို့ကုန်အဖြစ် လယ်ယာထွက်ကုန်စည်များဖြစ်သော ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ပဲ အမျိုးမျိုးနှင့် ပြောင်းတို့ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပြည်ပသို့ အထွေထွေကုန်စည်တင် သင်္ဘောများ အသုံးပြု၍ ဝမ်းပုံစနစ်ဖြင့် တင်ပို့လျက်ရှိသည့်အပြင် ကုန်သေတ္တာတင်သင်္ဘောများ ကိုပါ အသုံးပြု၍လည်း တင်ပို့လျက်ရှိသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဇန်နဝါရီလ အထိ ၁၀ လအတွင်း လယ်ယာထွက်ကုန် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂ ဘီလီယံ နီးပါးကို ပင်လယ်ရေကြောင်းမှ ပြည်ပသို့ တင်ပို့ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် ၃၈၄၄၀၅ တန်တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်း ဆန်တန်ချိန် ၁၄၆၅၇၈၃ တန် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခု ဘဏ္ဍာရေးနှစ်တွင် ကုန်သေတ္တာဖြင့် ဆန်တင်ပို့မှုသည် ဝမ်းပုံစနစ်ဖြင့် တင်ပို့မှု၏ နှစ်ဆခန့်ရှိကြောင်း၊ ဆန်ကို ဥရောပနှင့် အာဖရိက နိုင်ငံများ အပြင် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် အခြားအာရှနိုင်ငံအချို့ တို့သို့လည်း တင်ပို့လျက် ရှိကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပဲ အမျိုးမျိုး ၁၅၆၈၅၀ တန် တင်ပို့ခဲ့ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်း ပဲတန်ချိန် ၁၂၈၂၇၆၆ တန် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့ရာတွင် ကုန် သေတ္တာများဖြင့်သာ အဓိကထားတင်ပို့လေ့ရှိကြောင်းနှင့် အိန္ဒိယနှင့် အခြားအာရှနိုင်ငံအချို့ တို့သို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြောင်းရာသီဖြစ်၍ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြောင်းတန်ချိန် ၃၆၅၄၇၂ တန် တင်ပို့ခဲ့ ကြောင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း စုစုပေါင်း

ပြောင်းတန်ချိန် ၈၉၁၀၃၈ တင်ပို့ခဲ့သည့်အနက် ဖေဖော်ဝါရီလတွင် အများဆုံး တင်ပို့ခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့ရာတွင် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ အများဆုံး တင်ပို့လျက် ရှိကြောင်း သိရသည်။



## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၀၆ ဘီလီယံ ရှိခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၀၆ ဘီလီယံ ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလ အတွင်း မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၂.၈၆ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ ထိုင်း နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁.၂၀ ဘီလီယံတန်ဖိုးရှိ ကုန်စည်များကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ပါသည်။ ထို့ကြောင့် မြန်မာ-ထိုင်း ကုန်သွယ်မှုမှ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၁.၆၆ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည့် ကုန်စည်များမှာ CMP ထုတ်ကုန် များ၊ လယ်ယာထွက်ကုန်များနှင့် ရေထွက်ကုန်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုင်း နိုင်ငံမှ အဓိက တင်သွင်းလျက်ရှိသည့် ကုန်စည်များမှာ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ၊

စက်ကိရိယာများ၊ စက်နှင့်စက်အပိုပစ္စည်းများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မောတောင်နှင့် မယ်စဲ့နယ်စပ် ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်လျက် ရှိပါသည်။




## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း မြန်မာ့ပျားရည် တန်ချိန် ၁၇၀၀ ကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ၁၀ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂.၅၈၉ သန်းတန်ဖိုးရှိ ပျားရည်တန်ချိန် ၁,၇၂၆.၄၂ တန်နီးပါး တင်ပို့နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ ပျားရည်ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများကို အဓိကအားဖြင့် စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် နှမ်းပျားရည် (Sesame Honey) ၊ ဇီးပျားရည် (Jujube Honey) ၊ ပန်းနှမ်းပျားရည် (Niger Honey)၊ နေကြာပျားရည် (sunflower Honey)၊ လိုင်ချီးပျားရည်

(Lychee Honey) နှင့် ပန်းပျားရည် (Flower Honey)တို့ ထွက်ရှိပြီး နှစ်စဉ် ပျားရည် တန်ချိန် ၄၀၀၀ ကျော် ထုတ်လုပ်နိုင်လျက် ရှိပါသည်။

နှစ်စဉ်ပျားရည်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ၄၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ ရောင်းချလျက် ရှိပါသည်။ ပြည်တွင်းတွင် ပျားရည်ကို တိုင်းရင်းဆေးဝါးသဖွယ် အသုံးပြုလျက်ရှိပြီး လက်ရှိတွင် မြန်မာ့ပျားရည်ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ နှုန်းဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိပါသည်။



လက်ရှိတွင် မြန်မာနိုင်ငံ၏ မြို့နယ် ၃၁ မြို့နယ်ရှိ အစိုးရပိုင် ပျားမွေးမြူရေးစခန်း များတွင် ပျားအုံပေါင်း ၆,၂၀၀ မွေးမြူလျက်ရှိပြီး၊ ပုဂ္ဂလိကပိုင် ပျားမွေးမြူရေးလုပ်ငန်းပေါင်း ၉၅၀ ကျော်မှ ပျားအုံပေါင်း ၂ သိန်းကျော် မွေးမြူလျက်ရှိပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၂.၈ သန်း တန်ဖိုးရှိ ပျားရည်တန်ချိန် ၁၉၀၀ တန်ကျော်ကို ပြည်ပသို့ ရေကြောင်းမှတစ်ဆင့် တင်ပို့နိုင်ခဲ့ပြီး နယ်စပ်မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ ပျားရည်တန်ချိန် ၆၃.၄၄ တန် တင်ပို့နိုင်ခဲ့ပါသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၁ လအတွင်း စက်မှုကဏ္ဍမှ ပြည်ပသို့ တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈.၁၂ ဘီလီယံ ရှိခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီလအထိ) ၁၁ လတာကာလအတွင်း စက်မှုကဏ္ဍမှ အမေရိကန်ဒေါ်လာ ၈.၁၂ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ယခင်နှစ် အလားတူကာလတွင် စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁.၉၆ ဘီလီယံ လျော့နည်းခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီလမှ ဖေဖော်ဝါရီလအထိ) ၁၁ လတာကာလအတွင်း စက်မှုကုန်ချောပစ္စည်းများကို အစိုးရကဏ္ဍမှ အမေရိကန်ဒေါ်လာ ၅.၁ ဘီလီယံကျော်နှင့် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃.၀၁ ဘီလီယံ တင်ပို့နိုင်ခဲ့ပါသည်။



စက်မှုထုတ်ကုန်များတွင် CMP စနစ်ဖြင့် ထုတ်လုပ်သည့် ချုပ်ပြီးအထည်များ၊ သကြား၊ သဘာဝဓာတ်ငွေ့နှင့် အခြားသော စက်မှုကုန်ကြမ်းပစ္စည်းများ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို တင်ပို့လျက်ရှိရာတွင် စက်မှုကုန်ချောပစ္စည်းများတင်ပို့မှုမှ ပို့ကုန်ဝင်ငွေအများဆုံး ရရှိလျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန် ၁၀ မျိုးအနက် ချုပ်ပြီးအထည်ကို အများဆုံးတင်ပို့လျက် ရှိပြီး၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်သယံဇာတများကိုလည်း အဓိက တင်ပို့လျက် ရှိပါသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကျော် ရှိခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ ၁ ရက်နေ့အထိ) ၁၁ လတာကာလ အတွင်း မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၁၄.၃၇၉ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်သွင်းခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၃.၃၇၈ ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်ပို့ခဲ့ကာ စုစုပေါင်း ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇.၇၅၈ ဘီလီယံ ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ ၁ ရက်နေ့အထိ) ၁၁ လတာကာလ အတွင်း ပင်လယ်ရေကြောင်းမှ တစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ၂၀.၅၅ ဘီလီယံရှိခဲ့ပြီး

နယ်စပ်မှ တစ်ဆင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၇.၂၀၇ ဘီလီယံ ရှိခဲ့ပါသည်။ ယခင်နှစ် အလားတူ ကာလတွင် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁.၃၆၃ ဘီလီယံ ရှိခဲ့သည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃.၆၀၅ ဘီလီယံ လျော့နည်းခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများကို တင်ပို့လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ကြမ်းများကို တင်သွင်းလျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) (၂၀၂၀-၂၀၂၅) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ အဆိုပါ ပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ၊ အဝတ်အထည်နှင့် အထည်အလိပ်ကဏ္ဍ၊ လျှပ်စစ်နှင့် အီလက်ထရောနစ် စက်ပစ္စည်းကဏ္ဍ၊ ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု ကဏ္ဍ၊ အရည်အသွေး စီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှု သတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍနှင့် တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍတို့ ပါဝင်ပါသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် ရှိခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လ ၁ ရက်နေ့အထိ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃.၀၅၅ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၂.၇၃၈ ဘီလီယံရှိခဲ့သည့်အတွက် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၇.၁ သန်း စံချိန်တင် ပိုမိုများပြားခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကံပိုက်တီးနှင့် ကျိုင်းတုံစသည့် နယ်စပ်စခန်းများမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်လျက် ရှိပါသည်။ မူဆယ်နယ်စပ်

ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်ခဲ့သည့် ပမာဏမှာ အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁.၉၆ ဘီလီယံ ရှိခဲ့ပါသည်။ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၇၀၃.၀၆၆ သန်း၊ ကံပိုက်တီး နယ်စပ်ဂိတ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆၄.၈၇၂ သန်း၊ လွယ်ဂျယ် နယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁၂၀.၅၇၆ သန်း၊ ကျိုင်းတုံနယ်စပ်ဂိတ်မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀၂.၂၅၂ သန်း ကုန်သွယ်မှုပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ဂိတ်များမှ တစ်ဆင့် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက် ပစ္စည်းများ၊ စက်မှုကုန် ချောပစ္စည်းများနှင့်အခြားပစ္စည်းများကို တင်ပို့လျက်ရှိကာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ကြမ်းများကို တင်သွင်းလျက် ရှိပါသည်။




## ကျိုက်မရောဒေသထွက် ရော်ဘာပြားများ အရည်အသွေးကောင်းမွန်၍ တရုတ်နိုင်ငံနှင့် မလေးရှား နိုင်ငံတို့သို့ တင်ပို့လျက်ရှိ

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေး ထုတ်ကုန်တစ်ခု ဖြစ်သည့် ရော်ဘာပြားများကို စက်မှုကုန်ချော ထုတ်ကုန်များ ထုတ်လုပ်ပြီး ဒေသစီးပွားရေး အထောက်အကူပြုနေသည့် သန့်စင်ပြီး ရော်ဘာပြားများကို အရည်အသွေး

ကောင်းမွန်သဖြင့် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်အတွင်းရှိ ရော်ဘာခြံငယ်များမှ ထွက်ရှိသည့် အရည်အသွေးစံချိန်မီ ရော်ဘာပြားများကို အခြေခံပြီး လူသုံးကုန်ပစ္စည်း ကုန်ချောထုတ်လုပ်နိုင်ပါက စီးပွားရေး ပိုမိုမြင့်မားကာ ရော်ဘာအခြေခံ (MSME) လုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။



## မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းများ ပို့ကုန်များ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေး ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိ

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းများ ပို့ကုန်များ ဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် ကုန်ပစ္စည်းများ စစ်ဆေးမှုများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန် ပစ္စည်းများမှာ ၂၃-၂-၂၀၂၄ ရက်နေ့တွင် မြေပဲဆန် (အခွံပါ) ၅၀ ဒသမ ၀၀ တန်၊ ကြက်သွန်နီ ၆၆၆ ဒသမ ၄၈ တန်၊ ငရုတ်သီး(အခြောက်) ၈၈ ဒသမ ၀၅၆ တန်၊ ငရုတ်သီး (အစို) ၂၇ ဒသမ ၀၂၅ တန်၊ နနွင်းတက် ၁၀ ဒသမ ၀၀ တန်၊ ပီလောပီနံ (အခြောက်) ၂၉၅ ဒသမ ၀၀ တန်နှင့် ဖိနပ် ၁၈၉၀ ဒသမ ၀၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်း၊ သံနှင့် သံမဏိပစ္စည်းများ၊ သွပ်ပြားပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အခြားစက်ကိရိယာများ၊ လေအေးပေးစက်၊ စားသောက်ကုန်ပစ္စည်း၊ တာယာနှင့်ကျွတ်များနှင့် စက်မှုကုန်ကြမ်းတို့ ဖြစ်သည်။

## တန်ခူးလနှင့် သင်္ကြန်ပွဲတော်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ယဉ်ကျေးမှု အထွန်းကားဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန် ထိန်းသိမ်းလာသည့် နိုင်ငံတစ် နိုင်ငံဖြစ်ပါသည်။

မြန်မာလူမျိုးများသည် ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေးစသည်တို့အပေါ် အခြေခံ၍ မြန်မာပြက္ခဒိန်တွင် ဆယ့်နှစ်လရာသီ ရိုးရာပွဲတော်များအား လအလိုက် ဆင်နွှဲခဲ့ပါသည်။ ဧပြီလ (တန်ခူးလ) သည် မြန်မာပြက္ခဒိန်တွင် ပထမဆုံးလဖြစ်ပြီး နှစ်ဟောင်းကုန်ကာ နှစ်သစ်သို့ ကြိုဆိုသောလ ဖြစ်ပါသည်။



နှစ်စဉ်ဧပြီလတွင် ကျင်းပသည့် သင်္ကြန်ပွဲတော်သည် ပျော်ရွှင်စရာ အကောင်းဆုံးအဖြစ် မြန်မာနိုင်ငံသားများမှ ခံယူကြပါသည်။ လရာသီပွဲတော်အဖြစ်သာမက ရိုးရာပွဲတော်တစ်ခု အဖြစ်လည်း ဂုဏ်တင့်လျက် ရှိပါသည်။

သင်္ကြန်ဆိုသောစကားမှာ ပါဠိဘာသာတွင်“သင်္ကန္တ”ဟုခေါ်ဆိုပြီး နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပါယ်ရပါသည်။ ရေသည် အေးမြခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အညစ်အကြေးတို့ကို သန့်ရှင်းစေခြင်းတို့ကို ကိုယ်စားပြုခြင်းကြောင့် နှစ်ဟောင်းမှ အညစ်အကြေးတို့ကို သန့်ရှင်းစေရန်နှင့် နှစ်သစ်ကို အေးမြခြင်း၊ စိတ်ချမ်းမြေ့ခြင်းတို့နှင့် နှစ်သစ်ကိုကြိုဆိုသောအားဖြင့် တစ်ဦးနှင့်တစ်ဦး အတာရေပက်ဖျန်း ကြိုဆိုလေ့ ရှိပါသည်။



မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် တစ်ဦးကိုတစ်ဦးရေဖြင့် လောင်းခြင်းအပြင် နံ့သာရေများကို သပြေခက်နှင့် ပက်ဖျန်းခြင်းဖြင့် နှစ်ဟောင်းမှ ဘေးအန္တရာယ်များ၊ စိတ်ဆိုးစိတ်ညစ်များ၊ ပပျောက်ကင်းစင်ကာ မေတ္တာဖြင့် ဖြူစင်သန့်ရှင်းခြင်းသို့ ရောက်ရှိစေမည်ဟု ယုံကြည်ကြပါသည်။

သင်္ကြန်အခါတွင် မြန်မာလူမျိုးတို့သည် အတာအိုးဟုခေါ်သည့် မြေအိုးငယ်များတွင် အုန်းရွက်၊ မာလကာညွန့်၊ တမာညွန့်၊ ဒန်းညွန့်၊ ကြံရွက်၊ ဆီးညွန့်၊ မြေဇာမြက်နှင့် ပိတောက်ပန်းခက်စသည်ဖြင့် ရောယှက်၍ထိုးကာ သိကြားမင်းနှင့်သင်္ကြန်ကို ကြိုဆိုသောအားဖြင့် နေအိမ်ရှေ့တွင် ထားရှိကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် နေထိုင်ရာ ရပ်ရွာများအတွင်း

အန္တရာယ်ကင်းရှင်းစေရန် သံဃာတော်များကို ပင့်ဖိတ်ပြီး အတာအိုးများဖြင့် ပရိတ်တရားများ ရွတ်ပွားပူဇော်ကြပါသည်။



သင်္ကြန်ပွဲတော်သည် မြန်မာပြည်သူပြည်သားအားလုံး၏ ဘဝင်နှလုံးကို ရွှင်ပြုံးစေပါသည်။ ပုဂံခေတ်မှယနေ့ခေတ်ထိ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလာမြဲဖြစ်ပေသည်။ ရှေးမြန်မာတို့သည် ရေသဘင်ပွဲတော်ဓလေ့ကို သိမ်မွေ့ယဉ်ကျေးစွာ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ပူပြင်းသည့် တန်ခူးကာလတွင် သင်္ကြန်ရေအေးကြောင့် အပူဒဏ်ကို သက်သာစေပြီး အေးချမ်းစေပါသည်။

သင်္ကြန်ကာလ၌ ရပ်ကွက်အလိုက်၊ ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာ သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ပြီး နေ့ပိုင်းတွင် အလှပြကားများဖြင့် သီဆိုကခုန်ခြင်းတို့ကို ပြုလုပ်ကြပါသည်။ တစ်နိုင်ငံလုံးရှိ ရပ်ကွက်များအတွင်း စတုဒိသာကျွေးသော မဏ္ဍပ်များအပြိုင်ထိုး၍ လှူဒါန်းကြပါသည်။ အရပ်လေးမျက်နှာမှ အယုတ်အလတ် အမြတ်မရွေး လာရောက်သူများ ဝင်ရောက်စားသုံးနိုင်သောကြောင့် ချစ်စရာ ကောင်းသော ဓလေ့တစ်ခုလည်း ဖြစ်ပါသည်။ စတုဒိသာအဖြစ် ရင်ကိုအေးမြစေရန် ရွှေရင်အေး တိုက်ကျွေးခြင်း၊ မုန့်လုံးရေပေါ်ဖြင့် ဧည့်ခံခြင်း ပြုလုပ်ကြပါသည်။

သက်ကြီးရွယ်အိုများအား တရော်ကင်ပွန်းရည်တို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ကရမက်နံ့သာရည်များဖြင့် လိမ်းပေးခြင်း၊ လက်သည်းခြေသည်းများ ညှပ်ပေးခြင်းတို့ကို အဖွဲ့လိုက် လုပ်အားပေး ကုသိုလ်ယူကြပါသည်။အချို့ကလည်း ဒုလဒုလ္လဘ ရဟန်းဝတ် ကြ၍ အချို့ကလည်း ဥပုသ်သီတင်း ဆောက်တည်ကြပါသည်။ ထို့ပြင် နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနအဖြစ် ငါး၊ နွား၊ ငှက်များကို ဘေးမဲ့လွှတ်ပွဲလည်း ဆင်နွှဲကြသည်။



တန်ခူးလတွင် မြန်မာလူမျိုးတို့သည် သင်္ကြန်ပွဲတော်ကို နွှဲပျော်ပြီး ဒါနတဝေဝေ၊ ရေတွေက တရွှဲရွှဲဖြင့် ကောင်းမှုကုသိုလ်များ ပြုလုပ်၍ တောင်းဆုယူကြသည် အခါလည်း ဖြစ်ပါတော့သည်။ သင်္ကြန်ပွဲတော် သည် အခြားနှစ်သစ်ကူးပွဲတော်များနှင့် မတူ တစ်မူထူးခြားသည့် ဝိသေသရှိသော ယဉ်ကျေးမှုအနှစ်သာရ ပြည့်ဝသည့် ရေသဘင်ပွဲတော်ပင် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ မြန်မာနိုင်ငံသားများသည် သင်္ကြန်ပွဲတော်နှင့် နှစ်သစ်ကူးပွဲကို ပျော်ရွှင်စွာ ဆင်နွှဲသွားရန် ရှိပါသည်။

